အဲ ဇာတိ ဆိုတာ ခန္ဓာငါးပါး ခန္ဓာရလို့ အိုတာ။ ခန္ဓာရလို့ နာတာ။ ခန္ဓာရလို့ သေတာ။ အို၊နာ၊ သေ။ အို၊နာ၊သေ ဘာသစ္စာလဲ။ ခန္ဓာသာ မရှိဘူးဆိုရင် အိုပါ့မလား။ သေပါလား။ ခန္ဓာရှိလို့ အိုတာ နာတာ သေတာ။ သို့မို့ခန္ဓာငါးပါး။ ဒါ ဇာတိလို့ မပြောဘူးလား။ ကဲ အဲဒီဇာတိရှိလို့ အိုရတာ နာရတာ သေရတာ။ ဇာတိဆိုတဲ့ ခန္ဓာမရှိရင် အိုဦးမလား။ နာဦးမလား။ သေဦး မလား။ ဒါတော့ ဇာတိက အကြောင်း တရား။ သစ္စာဖွဲ့ သမုဒယသစ္စာ။ ဇရာမရဏက အကျိုး တရား။ သစ္စာဖွဲ့ ဒုက္ခသစ္စာ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က... မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ.... နိရောဓသစ္စာဗျ။ ဒီလို စိစစ်ဖို့ မကောင်းလား။

ကဲ တစ်ခါ ပြန်နောက်ဆုတ်။ နောက်ဆုတ်ရင် ဇာတိကို အကျိုးတရား ထားရမှာ။ ဇာတိကို အကျိုးတရား ထား။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။ အကြောင်းရှာ ကြည့် ပဋိစ္စသမုပ္ပါဒ်။ ကမ္မဘဝပစ္စယာ ဇာတိ။ ကမ္မဘဝက အကြောင်း။ ကမ္မဘဝ-ကုသိုလ်ကံ မလုပ်ဘူးလား။ အကုသိုလ်ကံ မလုပ်ဘူးလား။ ကုသိုလ်ကံကြောင့် လူဇာတိ၊နတ်ဇာတိ၊ ဗြဟ္မာဇာတိ။ အကုသိုလ်ကံကြောင့် အပါယ်ဇာတိ-လို့ မပြောဘူးလား။ ဒါကြောင့် ကမ္မဘဝ ပစ္စယာ ဇာတိလို့ မပြောဘူးလား။ ကဲ ကမ္မဘဝက အကြောင်းတရား မရလား။ ဇာတိက အကျိုးတရား မရလား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ အကြောင်း တရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ သမုဒယသစ္စာ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့် က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။

ပဋိစ္စသမုပ္ပါဒ်ကွာ။ အလွန် အဖိုးတန်တာ။ ဘုန်းကြီးတို့ မလုပ်တတ်ဘူး။ ခုဆရာတော်က ပြပြီးတော့ လုပ်တတ်တာပေါ့။ အစထွင်ဖို့ ဘုန်းကြီးတို့ ဘယ်လိုမှ အစ ရှာမတွေ့ဘူး။ ဒါကြောင့် မင်းကွန်းဆရာတော် ဘုရားကြီးက မိုးကုတ် ဆရာတော်ဘုရားကြီး တော်ပါပေ တယ်လို့ သာခု ခေါ်တာဗျ။ စဉ်းစားဖို့ မကောင်းလား။

ကဲ ပြန်ပြီးတော့ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်တော့ကာ ကမ္မဘဝ ဆိုတာကို အကျိုး တရား မထားရဘူးလား။ အကျိုးတရား ထား အကြောင်း မရှာရဘူးလား။ အဲသည်ကံ တွေဟာ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ။ ဘြော် အကြောင်း ရှာကြည့်တော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ။ ကြည့် ဥပါဒါန်ကြောင့် ဖြစ်တာ။ ပစ္စည်းစွဲ၊ သားစွဲ၊ သမီးစွဲ၊ လင်စွဲ၊ မယားစွဲ၊ ဟော- အစွဲ အိမ်စွဲ၊ တိုက်စွဲ၊ တာစွဲ တွေလေ၊ ကြားလားဟေ့။ ဥပါဒါန် လူတွေက ပြုံးပြုံး ပြုံးပြုံး နဲ့။ကြားလား။ ဥပါဒါနပစ္စယာ ကမ္မဘဝေါ။ အဲသည်ကံတွေဟာ သူက အကျိုးတရား။ အကျိုး

19.5.2005,(2:00pm)7

တရား သစ္စာဖွဲ့ ဒုက္ခသစ္စာ။ ဉပါဒါန်က အကြောင်း တရား သစ္စာဖွဲ့ သမုဒယသစ္စာ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က မဂ္ဂ သစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။ ကြည့်။

ပြန်ပြီးတော့ နောက်ဆုတ်ကြစို့ ဆိုတော့။ ဉပါဒါန်ကို အကျိုးတရား ထားရမှာ။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ တဏှာပစ္စယာ ဉပါဒါနံ တဲ့ ဗျား။ ကဲ ဉပါဒါန် အလိုလိုဖြစ်တာလား တဏှာကြောင့် ဖြစ်တာလား။ တဏှာ ကြောင့် ဖြစ်တာကွဲ့။ တဏှာက အကြောင်းတရား ဉပါဒါန်က အကျိုးတရား။ ဉပါဒါန်အကျိုးတရား သစ္စာဖွဲ့ ဒုက္ခသစ္စာ။ တဏှာက အကြောင်းတရား သစ္စာဖွဲ့ သမုဒယသစ္စာ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က မဂ္ဂသစ္စာ ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။

နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်တဲ့အခါကျတော့ အကျိုးတရား၊ တဏှာကို အကျိုးတရား မထားရဘူး လား။ အကျိုးတရား ထားတော့ အကြောင်းမရှာရဘူးလား။ ဝေဒနာပစ္စယာ တဏှာတဲ့။ ဝေဒနာကြောင့် တဏှာဖြစ်တာ။ ဝေဒနာပစ္စယာ တဏှာ။ နှစ်က သုံးကို ကူးတာ လေ။ ဆက်သွားတာ -ဟဲ့။ ဝေဒနာပစ္စယာ တဏှာ။ စက်ဝိုင်းထောက်တာ အဲဒီ အဓိပ္ပာယ် ပေါက်အောင် စဉ်းစား။ ပေဘာ ဝေဒနာပစ္စယာ တဏှာကိုး။ အဲဒီဝေဒနာကြောင့် တဏှာ ဖြစ်ရ တယ်။ တဏှာက အကျိုးတရား မရလား။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဝေဒနာက အကြောင်း တရား မရလား။ အကြောင်း တရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က....။ ဤနှစ်ခု ချုပ်သွားတာ....။ သစ္စာ လေးပါး တစ်စုံ။ စဉ်းစားနော်။ စက်ဝိုင်းကို ထောက်တာ အရမ်းမဲ့ မဟုတ်ဘူး။ စိစစ်ဖို့ မကောင်းလား။

ကဲ နောက်ဆုတ် ကြည့်ကြစို့- ဆိုတော့ နောက်ဆုတ်တော့ကာ ဝေဒနာကို အကျိုးတရား မထားရ ဘူးလား။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။ အကြောင်းရှာ ကြည့် တော့ကာ ဖဿပစ္စယာ ဝေဒနာလို့ မပေဘာလား။ ကဲဝေဒနာက အကျိုးတရား သစ္စာဖွဲ့ ဘာသစ္စာလဲ။ ပေဘာ ဖဿက အကြောင်းတရား သစ္စာဖွဲ့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ...။

ကဲ နောက်ဆုတ်ကြည့်။ တစ်ခါပြန်ပြီးတော့ နောက်ဆုတ်ကြည့်တဲ့ခါ ဖဿကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ အကြောင်း မရှာရဘူး လား။ အကြောင်းရှာ ကြည့်တော့။ သဠာယတနပစ္စယာ ဖဿော၊ သဠာယတနက အကြောင်း တရား မရဘူးလား၊ ဖဿက အကျိုးတရား မရလား။ အကျိုးတရား သစ္စာဖွဲ့ ဘာသစ္စာလဲ။ ဖဿက

အကျိုးတရား ဒုက္ခသစ္စာ။ သင်္ဂြာယတနက အကြောင်းတရား ဘာသစ္စာလဲ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ...။ နိရောဓသစ္စာ။

ကဲ နောက်ဆုတ်ကြည့်။ စဉ်းစားဖို့ မကောင်းလား။ နောက်ဆုတ်ကြည့်တော့ သဠာယတနကို အကျိုး မထားရဘူးလား။ အကျိုး တရား ထားတော့ (အကျိုးတရား) သဠာယတန အကျိုး တရား - ဘာသစ္စာလဲ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အကြောင်း တရား ရှာဖို့မလိုဘူးလား။ နာမရူပပစ္စယာ သဠာယတနံလို့ မဟောလား။ နာမ်ရုပ်က အကြောင်း တရား မရလား။ သဠာယတနက အကျိုးတရား မရလား။ အကျိုး တရား သစ္စာဖွဲ့ ဘာသစ္စာလဲ။ နာမ်ရုပ်က အကြောင်းတရား။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ၊ ဤနှစ်ခု ချုပ်ရာချုပ်ကြောင်း အလေ့ အကျင့်က...၊ ဤနှစ်ခု ချုပ်သွားတာက....။ သစ္စာလေးပါး တစ်စုံ။

ကဲ နောက်ဆုတ်ပြီးတော့ ကြည့်ဖို့ မကောင်းလား။ နောက်ဆုတ်ကြည့်တော့ နာမ်ရုပ်ကို အကျိုး တရား မထားရဘူးလား။ အကျိုးတရားထား အကြောင်း မရှာရဘူးလား။ ဝိညာဏ ပစ္စယာ နာမရူပံ လို့ မဟောဘူးလား။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ မဟောဘူးလား။ ဝိညာဏ်က အကြောင်း တရား မရလား၊ နာမ်ရုပ်က အကျိုးတရား မရလား ။ အကျိုး တရား သစ္စာဖွဲ့ ဘာသစ္စာလဲ။ ကဲ စဉ်းစားနော်။ စိစစ်ဖို့ မကောင်းလား။ ဝိညာဏ်က အကြောင်းတရား မရဘူးလား။ သစ္စာဖွဲ့ တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က... ။ ဤနှစ်ခု ချုပ်သွားတာက...။

ကဲ ပဋိစ္စသမုပ္ပါဒ်-မိုးကုတ်ဆရာတော်ဘုရားကြီး တိတ်ခွေက ဘယ်လို ဟောတာလဲတဲ့။ တောထဲ တောင်ထဲမှာ စားဝတ်နေရေး မိုးခေါင် ရေရှားတဲ့ အခါ ပိန်းဥတို့ မျောက်ဥတို့ (ကျင်းတို့) မရှာရ ဘူးလား။ ရှာတဲ့အခါနွယ်ပင်မတွေ့ဘူးလား။ နွယ်ပင် တွေ့တော့ နွယ်ပင်ကို အဖျားကမ .မမ. မမ သွားရဘူးလား။ အရင်းကို ရောက်တဲ့အခါ အမြစ်ကိုမတွေ့ဘူးလား။ အမြစ် တွေ့တော့ အဥ မရပေဘူးလား။ အဲသလို နောက်ဆုတ်ရှာမှ တွေ့တာနော်။ အဥရတော့ လိုရင်း ကိစ္စပြီးမှာပေါ့။

ကဲ အဲလို ဆိုတော့ နောက်ဆုတ်ကြည့်တော့ ဝိညာဏ်ကို အကျိုးတရား မထားရဘူးလား။ အကျိုး တရား ထားတော့ အကြောင်း မရှာရဘူးလား။ သင်္ခါရပစ္စယာ ဝိညာဏံတဲ့။ သင်္ခါရ ကြောင့် ဖြစ်တာ ဗျ။ ဘယ်သင်္ခါရလဲ စိစစ်ဖို့ မကောင်းလား။ လူခန္ဓာ ပုညာဘိသင်္ခါရ၊ နတ်ခန္ဓာ ပုညာဘိသင်္ခါရ၊ ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာ၊ အသူရကာယ် =အပါယ်လေးဘုံက အပုညာဘိသင်္ခါရ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏ်က အကျိုးတရား။ ဘာသစ္စာလဲ။ ကဲ(သင်္ခါရ) နောက်ဆုတ် ကြည့်တော့ သင်္ခါရက အကြောင်းတရား မရလား။ ပုညာဘိသင်္ခါရက အကြောင်း တရားပေါ့။ အကြောင်းတရား

သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က...။ ဤနှစ်ခု ချုပ်သွားတာ....။ သစ္စာလေးပါး တစ်စုံနော်။

ကဲ အဲဒါ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်တော့ သင်္ခါရကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ အဝိဇ္ဇာ မတွေ့လားဟေ့။ တွေ့ပြီ။ အဝိဇ္ဇာ တွေ့ပြီ။ စဉ်းစားဖို့ မကောင်းလား။ သင်္ခါရက အကျိုး တရား ဘာသစ္စာလဲ။ အဝိဇ္ဇာက အကြောင်းတရား ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က....။ ဤနှစ်ခု ချုပ်သွားတာ...။ ဒီလိုဆို အဝိဇ္ဇာ ချုပ်ဖို့ လိုတာ ဟေ့။

အဝိဇ္ဇာ မချုပ်သမျှ သုံးဆယ့်တစ်ဘုံက လွတ်ပါ့မလား။ အဝိဇ္ဇာရှိလို့ နှလုံးသွင်းမှားလို့ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ မပြုတ်တာပေါ့။ နှလုံးသွင်း မမှားဘူးလား။ ခန္ဓာငါးပါး တစ်ပါးပါး အပေါ်မှာ လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါလို့ နှလုံးသွင်း မမှားလား။ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဟူသမျှ္ဝ အိုနာ၊သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ လူချမ်းသာလား ဒုက္ခသစ္စာ။ နတ်ချမ်းသာ လား ဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာ။ ဒုက္ခသစ္စာကို လူချမ်းသာ၊ နတ်ချမ်းသာ နှလုံးသွင်း(မှား)တာ အဝိဇ္ဇာ လို့ မဟောဘူးလား။ ဟော-ကြည့်။ အဝိဇ္ဇာကြောင့် ဖြစ်တာဟေ့။ ကဲစိစစ်ဖို့ မကောင်းလား။ လူချမ်းသာ ဒုက္ခသစ္စာ။ နတ်ချမ်းသာဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာ ဒုက္ခသစ္စာ။ လူချမ်းသာလား ဒုက္ခသစ္စာလား။ နတ်ချမ်းသာလား ဒုက္ခသစ္စာလား။ ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား။ ဒုက္ခသစ္စာလို့ သိရင် အဝိဇ္ဇာမချုပ်ဘူးလား။ ဒုက္ခသစ္စာ သိတာ ဝိဇ္ဇာနော်။ အဲဒါ အမှန်သိပြီပေါ့။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ ယူဦးမလား။ အဝိဇ္ဇာမချုပ်ဘူးလား။ အဲဒါကြောင့် ဒိဋ္ဌိအဝိဇ္ဇာ ပြုတ်ကင်းကွာ မှတ်ပါ သောတာပန်။ ဒိဋ္ဌိ အဝိဇ္ဇာ ပြုတ်ကင်းကွာ မှတ်ပါသောတာပန် တဲ့ဗျ။

အခု အဲဒီ အဓိပ္ပါယ်လည်း မသိ။ ဝှတ်တုတ်ဘဲ ထိုင်-ထိုင်နေကြတယ် အဓိပ္ပါယ်လည်း မသိ။ ဒါ-သင်္ခါရ ဘယ်က လာသလဲ။ အဝိဇ္ဇာကြောင့်ဖြစ်တယ်။ ဝိညာဏ်က ဘယ်က လာလဲ။ သင်္ခါရကြောင့် ဖြစ်တယ်။ ဒါထိုင်လိုက်တဲ့ အခါ ဘယ်လို တွေ့တယ်။ မြင်တဲ့အခါ ဘယ်လို။ စိစစ်ရမှာ မဟုတ်ဘူးလား။ အခုတော့ ဒီလိုလည်း မသိ။ ကြားလား။ စဉ်းစားဖို့ လေ့လာကြ။ ဒါကြောင့် မိုးကုတ် ဆရာတော်ဘုရားက မနက်စာ အားထုတ် ညနေ ရတယ်။ ညနေ အားထုတ် မနက်စာ ရတယ်။ ကြာရင် ခုနစ်ရက်တဲ့။ ဘာကြောင့် ကြာလဲ။ ယုံကြည်မှုမရှိလို့။ နှလုံးသွင်း မှားလို့ ယုံကြည်မှု မရှိ။ ကဲ သည်တရား မသိမနေဘူးလို့ ကြိုးစား အားထုတ်ဖို့ လိုတယ်။ မိမိကလည်း စေ့စေ့စပ်စပ်နဲ့ အလုပ်လုပ်တဲ့အခါ ဆရာသမားကို အံဝင်ခွင်ကျ ဖြစ်အောင် မရှင်းတာ မလင်းတာ မေးရမယ်။

မေးလို့မှ အကွက်ကျကျ မရှင်းနိုင်ရင်။ ရှင်းနိုင် တဲ့ ပုဂ္ဂိုလ် ဆရာ ရှာရမယ်။ စိစစ်ဖို့ မကောင်းဘူးလား။

ကဲ အဲလို ခန္ဓာပြတဲ့ ကိစ္စတွေ ဘုရားဟောတဲ့ တရား စာအုပ်တွေမှာ ကြည့်-ကြည့် ။ ကိုယ့်ကိုယ်ကိုလည်း လေ့လာ ကြည့်ရတယ်။ စိစစ်ဖို့ မကောင်းလား။ အခုတော့ အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲ။ ကြားရဲ့လား။ ကဲ မှတ်ထား၊ ဒီနေရာဘဲ မှတ်ထားတော့တာပေါ့။ အမှတ်က မပျောက်ပြီ။ အမှတ်က မပျောက်ပြီ။ မင်း ငါ့နယ်ကို မကျော်နဲ့။ ဒီမှာကြည့် ငါ အမှတ် နဲ့ လုပ်ထားတာ။ ငါက ဝင်လာပြီ အမှတ်ကြောင့်။ မင်းငါ့နယ်မကျော်နဲ့။ ဒီမှာ။ အမှတ်တွေ မမြင်ဘူးလား။ ဒါ သညာ မဟုတ်ဘူးလား။ အမှတ်မှားတာဗျ။ သညာဝိပလ္လာသ။ မမှား ဘူးလား။ လူလား နာမ်နဲ့ရုပ်။ နတ်လား နာမ်နဲ့ရုပ်။ ပြဟ္မာလား နာမ်နဲ့ရုပ်။ နာမ်ရုပ်။ ကဲ လူ၊ နတ်၊ပြဟ္မာ၊သတ္တဝါလို့အမှတ်မှားတာ သညာဝိပလ္လာသ။ အမှတ်မှားတော့ လူ၊နတ်၊ပြဟ္မာ၊ သတ္တဝါလို့ အသိမှားတာ စိတ္တဝိပလ္လာသ။ အသိမှားတော့ လူ၊နတ်၊ပြဟ္မာ၊ သတ္တဝါလို့ အမြင် အယူအဆ မှားတာ ဒိဋ္ဌိဝိပလ္လာသ။ ဤဝိပလ္လာသ တရား သုံးပါးကြောင့် (ဝိပလ္လာသတရား သုံးမျိုး ကြောင့်) သက္ကာယဒိဋ္ဌိဖြစ်တာ။

သက္ကာယဒိဋ္ဌိ ဖြစ်ရင် ကုသိုလ်ပဲ ဖြစ်ဖြစ်၊ အကုသိုလ်ပဲ ဖြစ်ဖြစ် သံသရာက ထွက်ပါ့မလား။ အပုညာဘိသင်္ခါရကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ ပုညာဘိသင်္ခါရကြောင့် လူခန္ဓာ၊ နတ်ခန္ဓာ။ အိုးနာ၊သေ ဘာသစ္စာလဲ။ အာနေဉ္ဇာဘိသင်္ခါရ-ဈာန်လမ်း။ မိမိက ခန္ဓာကိုယ် သမာဓိထူထောင်တယ် ပထဝီဓါတ်နဲ့ လေ့လာတယ်၊ တေဇောဓာတ်နဲ့ လေ့လာတယ်။ ပထဝီ ပထဝီ ပထဝီ။ ဟော မြေကြီးကို စကောငယ်ကဲ့သို့ ဝိုင်းဝိုင်းအိအိ စက်စက်ပုံလေး လုပ်ပြီးတော့မှ ကြည့်နေတာ။ ပထဝီ ပထဝီ ပထဝီ။ အဲ တစ်ရက်နဲ့မရ နှစ်ရက်။ နှစ်ရက်နဲ့မရ တစ်လ။ တစ်လနဲ့မရ နှစ်လ။ နှစ်လနဲ့ မရ ခြောက်လ။ ခြောက်လနဲ့မရ တစ်နှစ်။ အောင်မြင်သွားတဲ့အခါ အောင်ပြီလို့ သမာဓိရပြီ ဆိုကာ။ ကြည့်လိုက်တာ သစ်ပင်လည်း မမြင်၊ မြို့လည်း မမြင်၊ရွာလည်း မမြင်၊ အိမ်လည်း မမြင်၊ တိုက်တွေ တာတွေလည်း မမြင် မြေကြီးပဲ မြင်တယ်။ အောင်မြင်သွားတော့တာ သမာဓိ။ ကြားလား။ အောင်မြင်သွားပြီ။ ကဲ ကြည့်ချင်သလို ကြည့် အဆောက် အဦးလည်း မတွေ့ တောတောင်လည်း မတွေ့ မြေကြီးပဲမြင်တယ်။ အဲဒီတော့ သူ့မှာ အဲဒီစိတ်ကလေးက တဒင် နိုင်ရောပေါ့။ သစ္စာတော့ သိတာ မဟုတ်ဘူးနော်။ စဉ်းစားဖို့ မကောင်းလား။ အဲလို ဖြစ်တာ။ အဲသည်စိတ်လေးက တော်တော်လေး ရင့်လာကာ မြေလျှိုးမိုးပျံနိုင်တာ။ သူများ စိတ်အစဉ်ကို သိနိုင်တယ်လို့ မဟောဘူးလား။ သက္ကာယဒိဋ္ဌိ ပြုတ်ကဲ့လား။

သင်္ကာယဒိဋ္ဌိ မပြုတ်ဘူးကွဲ့ ကြားရဲ့လား။ စဉ်းစားဖို့ မကောင်းလား။ အဲဒီလို လေ့လာကြ။ အဲဒါ သမထ ယာနိက တွေ ဗျာ့။ စဉ်းစားကြ။ စဉ်းစားကြ။
အဲဒါ ရုပ်တစ်လုံး နာမ်တစ်လုံး သုညတ ဆိုက်အောင် ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း လင်းလင်း အပ်ကျ မပ်ကျသိမှ ဒိဋ္ဌိပြုတ်မယ်။ စိစစ်ဖို့ မကောင်းလား။ ဒါကြောင့် အမှန်သိမှ အမှား ပျောက်တယ်လို့ မပြောဘူးလား။
<u>နံ့သာပု</u>
ကဲ တစ်ခါ ပြန်စဉ်းစားဦး။ လက်တွေ့ မျက်တွေ့၊ အကောက်အယူလေးတွေ ပယ်ပုံ ပယ်နည်း တွေ။ မပယ်တာက ဘယ်လို၊ ပယ်တာက ဘယ်လို။ ဒါလေ့လာဖို့ မကောင်းလား။ နံ့သာပု ငှက်ပျောသီး ပင်ထက်မှည့် စားကြည့်လိုက်။ ဘယ်လိုတွေ့မလဲ။ ချိုတယ်နော်။ စားတုန်းက ငှက်ပျောသီး စားတာ။ တွေ့တာက ချိုတာ။ မျက်စိနဲ့ကြည့် မြင်ရပါ့မလား။ မမြင်ရဘူးနော်။ လက်နဲ့ ကိုင်စမ်း ကြည့် ချိုတာ တွေ့ပါမလား။ နမ်းကြည့်။ ချိုတာ တွေ့ပါမလား။ လျှာနဲ့ ကျတော့ မသိနိုင်ဘူးလား။ သြော်- လျှာမှာ ပေါ်တာ။ ချိုတယ်ဆိုတာ မျက်စိနဲ့မြင်ရတာ မဟုတ်ဘူး။ မျက်စိက မြင်ရတာ အဆင်းလို့ ပြော မပြော။ အဆင်းကိုလည်း လက်နဲ့ကိုင်လို့ မရ။ လျှာနဲ့ လျက်ကြည့်လို့လည်း မတွေ့။ အဆင်းကို ကြားလား။ မျက်စိနဲ့ကြည့်လို့ မမြင်ရ။ လက်နဲ့ ကိုင်စမ်းကြည့်တော့ မတွေ့။ လက်နဲ့ ကိုင်လို့ တွေ့တာကလည်း မျက်စိနဲ့ မမြင်ရ။ လျှာနဲ့ တို့လို့မရ။ စဉ်းစားဖို့ မကောင်းလား။ လေ့လာ။ ကဲချိုတယ်လို့ စားသိစိတ်က ဇိဝှါဝိညာဏ် နာမ်တရား မရဘူးလား။ (ဇိဝှါဝိညာဏ်) ချို့ လိုက်တော့ ဇိဝှါဝိညာဏ် နာမ်တရား ။ လျှာအကြည်နဲ့ ချိုရသာက ရုပ်တရား။ နာမ်ရုပ် နှစ်ပါးပေါ့။ ငှက်ပျောသီးလား နာမ်နဲ့ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်။ စဉ်းစားဖို့ မကောင်းလား။
အဲဒီ နာမ်ရုပ် ပေါ်မှာ ဌာနူပစာရအားဖြင့် တင်စားပြီးတော့ သမ္မုတိသစ္စာ အနေနဲ့ နံ့သာပု ငှက်ပျော သီးလို့ မခေါ်လား။ ငှက်ပျောသီး ဆိုတာကတော့ သိတယ်။ ခွဲလိုက်တဲ့အခါ ငှက်ပျောသီးက လေးငါး ရှစ်မျိုးပေါ့။ လုံးခေါ်တာတော့ ငှက်ပျောသီး ပေါ့။ အဲဒီက ဟိုမှာ သုံးမျိုး လောက်ရှိတယ် ဖီးကြမ်း ရှိတယ်၊ ဝက်မလွတ် ရှိတယ်။ ဟဲ့- နံ့သာပု ငှက်ပျောသီး ယူခဲ့။ ခွဲလို့ မပြောရဘူးလား။ သမ္မုတိသစ္စာ မမှန်ဘူးလား။ ခေါ်ရုံ မှန်တယ်။ အဲဒီလို မပြောရင် ယူခဲ့ဆိုတော့ ယူတော့ ယူခဲ့မယ်။ ကိုယ် စားချင်တာက နံ့သာပု ယူခဲ့တာက ဖီးကြမ်း။ လွဲ မနေပေဘူးလား။ သြော် သမုတ်တာ ဒီလိုကိုး။ ခေါ်တာ ပြောတာ သူ့နေရာ သူ မသုံးရဘူး လား။ သုံးရတယ်နော်။ တွေ့တာက နံ့သာပု ငှက်ပျော သီးလား နာမ်နဲ့ရုပ်။ ကဲ နာမ်ရုပ်ပဲ တွေ့တယ် နံ့သာပု ငှက်ပျောသီး ဘာဖြစ်လို့ မတွေ့လဲ။ မရှိရင် ဘယ်လိုစွဲမလဲ။ တွေ့တာက ငှက်ပျောသီးလား နာမ်နဲ့ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ ကဲ အဲဒီ

19.5.2005,(2:00pm)12

နာမ်ရုပ် အပေါ်မှာ ငှက်ပျောသီးလို့ မသမုတ်ဘူးလား။ မခေါ်ဘူးလား။ ဘုရား ပယ်ရဲ့လား။ မပယ်ဘူး။ ဘာတွေ ပယ်တာလဲ လို့ မေးဖို့ မကောင်းလား။ ငှက်ပျောသီးလို့ မထင်လား။ ရှိတယ်လို့ မယူလား။ တွေ့တာက ငှက်ပျောသီးလား နာမ်နဲ့ရုပ်။ ဘာဖြစ်လို့ ငှက်ပျောသီး မတွေ့တာလဲ။ ပေါ-ယုံရဲ့လား မရှိတာ ။ ယုံရင် ဘယ်လိုလုပ် စွဲမလဲ။ အဲဒါ ပယ်တာ။

ကဲ တစ်ခါ လူလို့ မထင်လား။ လက်နဲ့ကိုင်စမ်းကြည့် လူတွေ့မလား မာတာတွေ့မလား။ မာတာ ပထဝီ။ မာတယ်လို့သိတာ သူငါလား ကာယဝိညာဏ်။ ကာယဝိညာဏ်က နာမ်တရား မရလား။ ကာယအကြည်နဲ့ မာဆိုတဲ့ပထဝီက ရုပ်တရား မရလား။ လူလား နာမ်နဲ့ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ လူဘာဖြစ်လို့ မတွေ့တာလဲ။ တွေ့တာက လူလား နာမ်နဲ့ရုပ်။ အဲဒီ နာမ်ရုပ်တရား နှစ်ပါး အပေါ်မှာ ဌာနူပစာရအားဖြင့် တင်စားပြီးတော့ လူအစားစား နတ် အစားစား ပြဟ္မာအစားစား တိရစ္ဆာန် အစားစား ပြိတ္တာ အသူရကာယ် အစားစား ငရဲ အစားစားလို့ မသမုတ်ကြဘူးလား။ မခေါ်ကြဘူးလား။ ခေါ်တာ ဘုရားပယ်ရဲ့လား။ မပယ်ဘူးနော်။ အဲဒါ သမုတ်ရှိ အခေါ်ရှိ။ ဘာတွေ ပယ်တာလဲလို့ ပြန်မေးဖို့ မကောင်းလား။ လူတွေ့တာလား နာမ်နဲ့ရုပ်။ နတ်တွေ့တာလား နာမ်နဲ့ရုပ်။ ပြဟ္မာတွေ့တာလား နာမ်နဲ့ရုပ်။ လူ၊နတ်၊ပြဟ္မာ ဘာဖြစ်လို့ မတွေ့တာလဲ။ မရှိလို့ ယုံရဲ့လား။ ယုံရင် အဲဒါ မရှိတာကို ပယ်တယ် ပြောတာ။ ကဲ ခေါ်တာ ပြောတာ တော့ မပယ်ဘူးနော်။

ကဲ တစ်ခါ စဉ်းစားဦး။ အဖေမိဘမွေးတဲ့ မျက်စိနဲ့ ဖွင့်ကြည့်လိုက် လူတွေမြင်တာကွဲ့။ မိန်းမ ယောကျ်ားတွေ မြင်တာကွဲ့။ တိုက်တွေ တာတွေ မြင်တယ် ရွာတွေမြင်တယ် ထန်းပင်တွေ မြင်တယ် ထနောင်းပင်တွေ မြင်တယ် လိမ္မော်ပင်တွေ မြင်တယ် မပြောရဘူးလား။ အဲဒါက ဘယ်လိုမှ ဖျောက်လို့ မရဘူး။ အဲသည် မျက်စိနဲ့ ကြည့် ပျောက်ကို မပျောက်ဘူး။ ဉာဏ် မျက်လုံးနဲ့ ကြည့်မှ ပျောက်တာ။ အဲသလို လည်း စဉ်းစား။ တစ်ချို့က ခြေတွေ လက်တွေ မတွေ့လို့ ပြောပါတယ်။ ငါ့မှာ ဖျောက်လို့ကို မရဘူးကွာ။ ကြားလား။ ငါ့မှာ မြင်နေတယ် မပျောက်ဘူးတဲ့ မပြောကြဘူးလား။ အဖေမိဘမွေးတဲ့ ဒီမျက်လုံးနဲ့ ကြည့်တော့ ဘယ်တော့မှ မပျောက်ဘူး။ ဘုရားမျက်လုံးလည်း မွေးကာစ မျက်လုံးနဲ့ကြည့် မပျောက်ဘူး။ ဉာဏ်မျက်လုံးနဲ့ ကြည့်မှ ပျောက်တာ။ ဉာဏ်မြင်။ ဝိညာဏ်မြင် မဟုတ်ဘူး ဉာဏ်မြင်။ ဒါမို့ ဝိညာဏ်မြင် သမ္မုတိသစ္စာ။ ပညာ ဉာဏ်မြင် ပရမတ္ထ သစ္စာ။ အဲသလို မျက်လုံးကို ခွဲကြည့်ဦး။ ဒီလို စိစစ်ဖို့ မကောင်းဘူးလား။ အဲလိုဆိုရင်တော့ခါ လွယ်ပါ့တကားဟေ့။ အဲဒီတိုင်းကို နလုံးသွင်းဖို့ လိုတယ်။ ကြားရဲ့လား။ ဒါကြောင့် ဒီလိုသိသွားရင် မနက်စာအားထုတ် ညနေရတယ်။ ညနေ အားထုတ် မနက်စာရတယ်လို့ မဟောဘူးလား။

ဥဂ္ဂသေန

တိပ်ခွေထဲမှာ ဟောတာ ဥဂ္ဂသေန(ဓမ္မပဒ-၅-၂-၄၀၆) ဝါး အတောင်ခြောက်ဆယ်မှာ ကနေ တာ။ မြတ်စွာဘုရား ဆွမ်းခံရင်းနဲ့ သတိပေးတယ် ဥဂ္ဂသေန အတိတ်ကိုစွဲတဲ့ သမုဒယသစ္စာ ဖြတ်လိုက်စမ်းပေ့ါ။ ပစ္စုပ္ပန်စွဲတဲ့ သမုဒယသစ္စာ ဖြတ်လိုက်စမ်းပေ့ါ။ အနာဂတ်စွဲတဲ့ သမုဒယသစ္စာ ဖြတ်လိုက်စမ်းပေ့ါ။ သတိပေးလိုက်တာ။ ခန္ဓာကို ဉာဏ်လှည့်တာ သောတာပန် တည်သွားတယ်။ သကဒါဂါမ် တည်သွားတယ်။ အနာဂါမ်တည် ရဟန်းကိစ္စပြီးသွားတယ်။ ကရင်းနဲ့ စကြ်န်သွားတာလည်း မပါ။ ရပ်တာလည်း မပါ။ ထိုင်တာလည်း မပါ။ လျောင်းတာ လည်း မပါဘူး။ ဟော ရဟန်းကိစ္စပြီးသွားတာ ဘယ်လောက်များ ထင်ရှားသလဲကွာ။ ဒါ ဉာဏ်အလုပ်လို့ မဟောဘူးလား။ ဒါကြောင့် မိုးကုတ်ဆရာတော်က ဥဂ္ဂသေန ကို ပြန် ထောက်ထားပြတယ်။

ပြန်ပြီးတော့စိစစ်ဖို့။ ဘယ်လိုတွေလဲလို့ လေ့လာဖို့။ ဒါ ဉာဏ်မြင်တဲ့ ဝိညာဏ်မြင်တဲ့။ အဲဒါ ဉာဏ်မြင် ရဖို့ အရေးကြီးတာနော်။ စဉ်းစားဖို့ မကောင်းလား။ မျောက်ဥပမာပေးတဲ့ထဲမှာ အပါးမဝခင် ထိုင်ကြ ရတယ်လို့ မပါဘူးလား။ အပါးဝကာ ထိုင်စရာ  မလိုဘူးလို့ ဟော မဟော။ လူတွေက အပါးမဝတာ ကြာလှပြီကွာ။ ကမ္ဘာလဆန်း တစ်ရက်ကစ။ ကမ္ဘာ လဆန်း တစ်ရက်ကစ။ ကြာလှပါပြီလား။ ခုဘဝလို့ မကြည့်နဲ့ ကမ္ဘာနှင့်အမျှကြာလှပြီ။ အဲဒီတရား ဝါသနာကလည်း အခုမှလို့ မထင်နဲ့ ၊ သူ့ အချိန်က မတိုင်သေးလို့ မတွေ့၊ အချိန်တန် တဲ့အခါ နာချင်တဲ့စိတ် သိချင်တဲ့ စိတ်လေးတွေ ပေါ်လာတာ။ အရိုန်က ပါလာခဲ့ပြီးပြီ။ အရှိန် မပါတဲ့ သူက ခေါ်ကြည့်။ တရားနာ ခေါ်ကြည့် လိုက်ခဲ့။ အားနာ -နာနဲ့ လိုက်ခဲ့တာ။ တရား သံကြား။ အိပ်ငိုက်လာ တော့တာ။ အိပ်ငိုက်လာ တော့တာ။ ကြားလား။ မရဘူး အဲဒီလူက။

<u>မယ်ပဋ္ဌာ</u>

အင်း ကဲ တရားနာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်က တရားသံကြားရင် ကြည်လာခဲ့တာ။ မယ်ပဋ္ဌာကို ကြည့် မယ်ပဋ္ဌာ။ ဟဲ့အရှုံးမဟို ရှေ့မှာ မဏ္ဍပ်ကြီး ကြည့်စမ်း။ မဏ္ဍပ်ကြီးမြင်လား ။ မြင်တယ်။ ဘာဖြစ်သလဲ။ အဲဒီမှာ မြတ်စွာဘုရား တရားဟောမှာ။ မြတ်စွာဘုရား ရောက်နေပြီ။ တရားနာ ပရိသတ်တွေ ရောက်နေပြီ။ ကြည်သွားတောတ့ မယ်ပဋ္ဌာက။ ဘုရားသံ တရားသံကြားလို့ ကြည်လာတာ။ အရိုန်က ပါလာခဲ့တာကိုး။ ကဲ စဉ်းစားဖို့ မကောင်းလား။ ဘုရားနဲ့ မတွေ့တော့ ခန္ဓာဘက်ကို မလှည့်တော့ သားဘက်ကိုလှည့် လင်ဘက်ကိုလှည့် မိဘဘက်ကိုလှည့်၊ ရှုံးတော့တာ ပေ့ါ။ ကြားလား။ ကဲ စဉ်းစားဖို့ မကောင်းလား။ နှလုံးသွင်း မှားတာဗျ။ နှလုံးသွင်းမှားတာ အဝိဇ္ဇာလို့ ဟော မဟော။ ကဲ တစ်ကယ် တွေ့တာက ကိုဒါသလား နာမ်နဲ့ရုပ်။ သားနှစ်ယောက်လား နာမ်နဲ့ ရုပ်။ မိဘနှစ်ပါးလား နာမ်နဲ့ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ ကဲ ကိုဒါသ မြင်တော့ကာ နှလုံးသွင်း

မှား မနေဘူးလား။ သားလို့မြင်တော့ နလုံးသွင်း မမှားဘူးလား။ ။ဒါတော့ ရှုံးမသွားလားဟော့။ ကဲ မယ်ပဉ္စာ ရှုံးတာဟာ နာမ်ရုပ်ကို မြင်လို့ ရှုံးတာလား ကိုဒါသကို မြင်လို့ ရှုံးတာလား။ သားသေလို့ ရှုံးတာ။ လင်သေလို့ ရှုံးတာ။ မိဘသေလို့ ရှုံးတာကွဲ့။ မိဘအနေနဲ့မြင်တာ၊ သားအနေနဲ့ မြင်တာ၊ လင်အနေနဲ့ မြင်တာ ဒါမှန်တာလား မှားတာလား။ အဝိဇ္ဇာ။ ကဲ နာမ်ရုပ်ဆိုတော့ မမှန်ဘူးလား။ နာမ်ရုပ်လို့သိ အနိစ္စလို့သိ။ နာမ်ရုပ်လို့သိ ဒုက္ခလို့သိ။ နာမ်ရုပ်လို့သိ အနတ္တလို့သိ။ နာမ်ရုပ်လို့သိ ဆိုတော့ နလုံးသွင်း မမှန်ဘူးလား ။ အဝိဇ္ဇာကား မချုပ်ဘူးလား။ ဒိဋ္ဌိကား မပြုတ်ဘူးလား။ ဒိဋ္ဌိ အဝိဇ္ဇာ ပြုတ်ကင်းကွာ မှတ်ပါ သောတာပန်။ ကြားလား။ မယ်ပဉ္စာ အရှုံး မပျောက်လား။ ရှုံးတာ သားကို မြင်လို့ ရှုံးတာ။ လင်ကို မြင်လို့ ရှုံးတာ။ မိဘကို မြင်လို့ ရှုံးတာ။ နာမ်ရုပ်ကို မြင်တော့ အရှုံး မပျောက်ဘူးလား။

ဆက်ပြီးတော့ ကြည့်။ နာမ်ရုပ်က အနိစ္စလို့ မပြလား။ နာမ်ရုပ်က ဒုက္ခလို့ မပြလား။ နာမ်ရုပ်က အနတ္တလို့ မပြလား။ ကဲ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီး တော့ မပျက်လား။ နိစ္စလား အနိစ္စ။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာ တဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့ တရားကို သုခလို့ခေါ်လား။ ဒုက္ခလို့ ခေါ်လား။ ဒုက္ခ။ အဲဒီ ဒုက္ခတရားကို ပိုင်သူများ ရှိရဲ့လား။ သတ္တဝါ အလိုသို့ကား လိုက်ကဲ့ လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အနိစ္စ၊ဒုက္ခ၊အနတ္တ။ အဲဒါ အနိစ္စ တရား၊ ဒုက္ခတရား၊ အနတ္တတရား ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဟော ဒီလိုဆို ခန္ဓာရတဲ့လူတွေဟာ ချမ်းသာတာ တစ်ယောက်မှ မရှိပါလားဟော့၊ ဟော----ဆင်းရဲတဲ့လူတွေ ပါလားကွဲ့။ ဆင်းရဲတဲ့ လူတွေ လူမွဲတွေ။ ကိုယ့်ကိုယ်ကို ဘဝင်မြင့် မနေနဲ့။ လူချမ်းသာလို့ ထင်တာ။ မထင်နဲ့ လူမွဲတွေ။ စဉ်းစားဖို့ မကောင်းလား။

<u>သုပ္ပဗုဒ္ဓ</u>

မွဲတာ သိချင်ရင် သိကြားမင်းနဲ့သုပ္ပဗုဒ္ဓကို ကြည့် သုပ္ပဗုဒ္ဓ တရား ဟောလို့ပြီးတော့။ ကဲ ငါ လည်း မြတ်စွာဘုရား ကျောင်းတော်ကို လိုက်ဦးမယ်။ လိုက်သွား။ လမ်းမှာ သိကြားမင်း နဲ့ တွေ့။ ဟော့ သုပ္ပဗုဒ္ဓ ရပ်ဦး ငါပြောတဲ့ စကား နားထောင် နားထောင်ရင် မင်း တစ်သက်သုံးလို့ မကုန်နိုင်အောင် ပေးမယ်။ မင်း ရောဂါကို အခု ပျောက်အောင်က ပေးမယ်။ ချက်ချင်း ပျောက်စေမယ် မင်း နူနာတွေ။ ပြောသာပြော နားထောင်သင့် ထောင်မယ် မထောင်သင့် မထောင်ဘူး။ မြတ်စွာဘုရားကို ဘုရား မဟုတ်ဘူး။ တရားတော်ကို တရား မဟုတ်ဘူး။ သံဃာကို သံဃာ မဟုတ်ဘူးလို့ပြော။ မော့ ကြည့် တယ်။

အသင် ဘယ်သူလဲ။ ငါသိကြားမင်း။ ဪ ငါသိကြားမင်း ချမ်းသာသလား အောက်မေ့ တယ် သိကြားမွဲတဲ့။ အသင်စကား ငါ နားမထောင်ဘူးတဲ့။ ကဲ သိကြားမွဲတဲ့။ ကဲ ရွှေတွေ ပေးမှာ ငွေတွေ ပေးမှာတဲ့နော်။ ကဲ မင်းမှာ ဘုရားရတနာ မရှိဘူးတဲ့။ တရားရတနာ မရှိဘူး တဲ့။ သံဃာရတနာ မရှိဘူးတဲ့။ ဘုရားရတနာက ဒုက္ခသစ္စာသိတာ ။ အဲဒါ ဉာဏ်က သိတာ။ အဲသည့် အသိဉာဏ်ကို ဘုရားလို့ မခေါ်ဘူးလား။ ကဲ အဲဒီ ရတနာတွေ ကိန်းတာ။ တရား ရတနာ သံဃာ ရတနာ အဲသည့် ရတနာ သုံးပါး ကိန်းဖို့ လိုတာ။ အဲသည့် ရတနာ သုံးပါး မကိန်းသမျှ ကာလပတ်လုံး။ ငါ့ ခရစ်စယာန်ဘက် ကိုလိုက်ပေါ့။ တစ်သက်လုံး မကုန်တာ ပေးမှာ ပါသွားတော့တာပေါ့။ ကြားရဲ့ လား။ အခုလည်း ဒီရတနာ မကိန်းရင် သုပ္ပဗုဒ္ဓ သိကြားမင်း ပြောတာ နားထောင်မှာ။ ရတနာ အစစ်ကိန်းတော့ နားထောင်ရဲ့လား။ အဲဒါ အတုနဲ့ အစစ်ကို ပိုင်းခြားဖို့ မလိုလား။ အဲဒါ လိုတာကွဲ့။ ကဲ ခု သူဌေးတဲ့ သူကြွယ်တဲ့ ဘာတဲ့ မပြောကြဘူးလား။ လူမွဲတွေလို့သာ အောက်မေ့။ ကိလေသာ ကျွတ်တာ တစ်ခုမှ မပါဘူး။ စဉ်းစားဖို့ မကောင်းဘူးလား။ အေး အဝိဇ္ဇာချုပ်မှပျော့။ ဒိဋ္ဌိ အဝိဇ္ဇာ ပြတ်ကင်းကွာ မှတ်ပါ သောတာပန်။ တဲ့။ ကဲ အဲဒီနေရာ ရောက်အောင် တွေ့ပြီ ကြားလား။ ဆက်ကြိုးစားရင် သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စ ပြီးနိုင်တယ်နော်။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။ အဲဒါ လိုရင်းအချက်တွေ။ စဉ်းစား တရားနာလို့ ပြီးရင် ကိုယ့်ကိုယ်ကို စဉ်းစား ဝေဖန်။ အချင်းချင်း ဆွေးနွေး။ စာအုပ်ကို ကြည့် မရှင်းတာ မေး။ ဘုန်းကြီး မှီသလောက် ရှင်းပေးမယ်။ နော်။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက...။ (သမုဒယ သစ္စာပါဘုရား။) နောက်ခန္ဓာမလာတာ ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိ ပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။(ငါးပါးပါ ဘုရား။) ငါး လေးလီ။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။(အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု-သာဓု-သာဓု။

........................................................................................................

ဩဝါဒ။...။ဒါမို့ တစ်နေ့ကပေါတာ အကောက်အယူက လွဲနေကြ ။ ဘုန်းကြီး တရားပေါတာ တဲ့ ခွေးလှေး ဆိုတာ ခွေးသန်းတွေ အဲဒါ ခွေးသန်း ခွေးလှေးလို့ ။ အခု ဒကာတွေက ခွေးလေးလို့ ကြားတာ ။ခွေးသားလေးလို့ ကြားတာ။ ခွေးလှေးခုန် ဖုန်မထ။ အဲဒီ ခွေးသန်းတွေ ခုန် ဖုန်ထပါ

မလား။ ဘုန်းကြီးဟောတာ ဘယ်လောက်ဟောဟော လှူပ်လှူပ်မရှိဘူး။ အဲဒီ အစိပ္ပာယ်ကို ပြောတာ။

(နံ့သာပု/နသုဗု/န-အသီးလုံးပုတို၍အနံ့အရသာကောင်းသောငှက်ပျော)-။